EMReF
Enlightened Myanmar Research Foundation

# ပြည်နယ်နှင့်တိုင်းဒေသကြီးလွှတ်တော်များဆိုင်ရာ သတင်းစာစဉ်

အမှတ် (၄)၊ ဧပြီလ (၂၃) ရက်၊ ၂၀၁၆

## ပြည်နယ်နှင့်တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက ပြည်သူများနှင့် တွေ့ဆုံ


ဓာတ်ပုံ - Nay P Latt Facebook Page


ဓာတ်ပုံ - တောင်တွင်းကြီး NLD သတင်းနှင့်ပြန်ကြားရေး Facebook Page

သောကြာ၊ ၂၂၊ ဧပြီ၊ ၂၀၁၆

လွှတ်တော်ဒုတိယသက်တမ်းမှ လွှတ်တော်ကိုယ်စားလှယ်အချို့သည် မိမိတို့ကိုယ်စားပြုရာ မဲဆန္ဒနယ်များမှ ဒေသခံပြည်သူများနှင့် တိုက်ရိုက်တွေ့ဆုံလျက်ရှိရာ ၂၀၁၆ ခုနှစ်၊ ဧပြီလ ၁၉ ရက်နေ့နှင့် ၂၀ ရက်နေ့တို့တွင် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်မှ သဃ်ၤန်းကျွန်းမဲဆန္ဒနယ် ကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ် ဦးနေဘုန်းလတ်က သဃ်ၤန်းကျွန်းမြို့နယ်၊ ဇ၀န ရပ်ကွက်နှင့် ကြီးပွားရေးရပ်ကွက်တို့၌ လူထုနှင့်တွေ့ဆုံကာ အတွေ့အကြုံများ ရှင်းလင်းခြင်း၊ လူထုအသံကို တိုက်ရိုက်နားထောင်ခြင်းတို့ကို ပြုလုပ်ခဲ့သည်။

အလားတူ မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ လက်ပန်ပုကျေးရွာအုပ်စု၊ လက်ပန်ပုကျေးရွာတွင် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမင်းသိန်း၊ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကြည်ညွှန့်တို့ အပါအဝင် မကွေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဖြစ်သူ ဦးဝင်းမြင့်လှိုင်တို့က ၂၀၁၆ ခုနှစ်၊ ဧပြီလ ၂၁ ရက်နေ့တွင် ပြည်သူလူထုနှင့် တွေ့ဆုံကာ အတွေ့အကြုံများကို ရှင်းလင်း၍ ကျေးရွာဖွံ့ဖြိုးရေးအတွက် အပြန်အလှန် ဆွေးနွေးခဲ့ကြသည်။

ထိုသို့ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိတို့ ကိုယ်စားပြုရာမဲဆန္ဒနယ်အသီးသီးမှ ပြည်သူလူထုနှင့် တွေ့ဆုံခြင်း၊ ပြည်သူ့အသံကို နားထောင်ခြင်း စသည့် ကောင်းမွန်သော အလေ့အထများသည် ဒီမိုကရေစီခေတ်သစ်၏ ခြေလှမ်းကောင်းများဖြစ်ပြီး ရရှိလာသည့် ပြည်သူ့အသံ၊ ပြည်သူ့ဆန္ဒသဘောထားများကိုလည်း စစ်မှန်သော စိတ်စေတနာကောင်း၊ ပြည့်ဝသော အရည်အချင်းများဖြင့် အကောင်အထည်ဖော်နိုင်စေရန်မှာလည်း အထူး အရေးကြီးလှပါသည်။

*(ကိုးကား- Nay P Latt Facebook Page, တောင်တွင်းကြီး NLD သတင်းနှင့်ပြန်ကြားရေး Facebook Page)*

## Quotes and Opinions

*"Complaint ရှိလာပြီ၊ လူထုတိုင်တန်းမှု ရှိလာပြီဆိုရင်တော့ တစ်စုံတစ်ရာ စစ်ဆေးပြီးတော့ ပေါ်ပေါက်တယ်ဆိုရင် အရေးယူခံရမှာပါ။ အဲဒီနည်းနဲ့ ကျွန်တော်တို့ Corruption ကို တိုက်ဖျက်သွားမှာပါ။ တိုင်ကြားနိုင်တဲ့နေရာတွေကတော့ ကျွန်တော်တို့ အစိုးရအဖွဲ့ ဖွဲ့စည်းပြီးတာနဲ့ တစ်ပြိုင်နက် လွှတ်တော်မှာလည်း ရှိမှာပါ။ လွှတ်တော်ထဲမှာလည်း ရှိမှာပါ။ အစိုးရအဖွဲ့မှာလည်း အဲဒီအဖွဲ့တွေ ထားမှာပါ။ လွှတ်တော်ကိုယ်စားလှယ်တွေကိုလည်း တိုင်တန်းနိုင်ပါတယ်"*

(ဒေါက်တာလင်းထွဋ် - ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ DVB သတင်းဌာနနှင့်အင်တာဗျူးမှ ကောက်နုတ်ဖော်ပြသည်။)

*"ကျွန်တော်အမြင်ကတော့ ရခိုင်ပြည်နယ်အတွက် ပထမဆုံးအရေးတကြီးလိုအပ်တာက တည်ငြိမ်အေးချမ်းရေးပါ။ ဒုတိယအရေးကြီးတာက အစိုးရ အဖွဲ့ရဲ့ ခေါင်းဆောင်မှုနဲ့ ပြည်နယ်ဖွံ့ဖြိုးတိုးတက်မှုပဲ ဖြစ်ပါတယ်"*

(ဦးညီပု - ရခိုင်ပြည်နယ်ဝန်ကြီးချုပ်၊ The Myanmar Times နှင့်အင်တာဗျူးမှ ကောက်နုတ် ဖော်ပြသည်။)

*"အရင်အစိုးရက လုပ်ငန်းအတွေ့အကြုံ ကောင်းကောင်းရှိတယ် ဒါပေမဲ့ လူထုက သူတို့အပေါ် ယုံကြည်မှုအားနည်းခဲ့တယ်။ အခုအစိုးရကတော့ အရပ်သားစစ်တယ်၊ လုပ်ငန်းအတွေ့အကြုံပိုင်းမှာ အားနည်းချင်လည်း နည်းနေလိမ့်မယ်။ ဒါပေမဲ့ ပြည်သူလူထုက သူတို့ကို ယုံကြည်မှု အပြည့်အဝ ရှိတယ်။ အားနည်းတဲ့အပိုင်းကို ကျွန်တော်တို့က ပူးပေါင်းဆောင်ရွက်ခြင်း၊ စေတနာစိတ်ဓာတ်အမှန်နဲ့ လေ့လာဆည်းပူးသင်ယူမယ်ဆိုရင် လွယ်လွယ် ကူကူနဲ့ အောင်မြင်ဖြတ်သန်းနိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်"*

(ဒေါက်တာအောင်နိုင်ဦး - မွန်ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ဟသ်ာမီဒီယာနှင့် အင်တာဗျူးမှ ကောက်နုတ်ဖော်ပြသည်)

EMReF
Enlightened Myanmar Research Foundation

## ပြည်နယ်/တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးများစာရင်း

| | | |
|---|---|---|
| **ဧရာဝတီတိုင်းဒေသကြီး** | | |
| ၁ | ဗိုလ်မှူးကြီးကျော်စွာလှိုင် | လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန |
| ၂ | ဦးလှကျော် | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန |
| ၃ | ဦးဘဟိန်း | စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယံဇာတနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန |
| ၄ | ဦးဝင်းဌေး | လျှပ်စစ်၊ စွမ်းအင်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန |
| ၅ | ဦးကျော်မြင့် | စည်ပင်သာယာရေးဝန်ကြီးဌာန |
| ၆ | ဒေါက်တာလှမြတ်သွေး | လူမှုရေးဝန်ကြီးဌာန |
| **ပဲခူးတိုင်းဒေသကြီး** | | |
| ၁ | ဗိုလ်မှူးကြီးခင်မောင်ဌေး | လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန |
| ၂ | ဦးသန်းဝင်း | စက်မှုလျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန |
| ၃ | ဦးအောင်ဇော်နိုင် | စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန |
| ၄ | ဦးကျော်မင်းဖံ | သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန |
| ၅ | ဦးမောင်မောင်လွင် | စည်ပင်သာယာရေးနှင့်လူမှုရေးဝန်ကြီးဌာန |
| ၆ | ဦးညွန့်ရွှေ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန |
| **ရှမ်းပြည်နယ်** | | |
| ၁ | ဗိုလ်မှူးကြီးကျော်ကျော် | လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန |
| ၂ | ဦးစိုးကော | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန |
| ၃ | ဦးမန်ဟင်းဒါလ်း | စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် သတ္တုဝန်ကြီးဌာန |
| ၄ | ဦးရွှေထီးအိုး | လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန |
| ၅ | ဆလိုင်းအိုက်ဇက်ခင် | စည်ပင်သာယာရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးဌာန |
| ၆ | ဦးပေါင်လွန်းမင်ထန် | လူမှုရေးဝန်ကြီးဌာန |
| **ကချင်ပြည်နယ်** | | |
| ၁ | ဗိုလ်မှူးကြီးသူရမျိုးတင် | လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန |
| ၂ | ဦးဝေလင်း | ဘဏ္ဍာ၊ အခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာန |
| ၃ | ဦးဝင်းညွန့် | လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးဌာန |
| ၄ | ဦးမြသိန်း | စိုက်ပျိုးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန |
| ၅ | ဦး H လအောင် | သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန |
| ၆ | ဦးနေဝင်း | စည်ပင်သာယာရေးဝန်ကြီးဌာန |
| ၇ | ဒေါက်တာသင်းလွင် | လူမှုရေးဝန်ကြီးဌာန |
| **ကယားပြည်နယ်** | | |
| ၁ | ဗိုလ်မှူးကြီးဇော်မျိုးတင် | လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန |
| ၂ | ဦးခင်မောင်ဖြူ | လမ်းပန်းဆက်သွယ်ရေးနှင့်လျှပ်စစ်ဝန်ကြီးဌာန |
| ၃ | ဦးဘော့စ်ကို | စိုက်ပျိုးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန |
| ၄ | ဒေါက်တာအောင်ကျော်ဌေး | စည်ပင်သာယာရေးနှင့်လူမှုရေးဝန်ကြီးဌာန |
| ၅ | ဦးတီရယ် | သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန |
| ၆ | ဦးမော်မော် | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန |
| **ကရင်ပြည်နယ်** | | |
| ၁ | ဗိုလ်မှူးကြီးအောင်လွင် | လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန |
| ၂ | ဦးသန်းနိုင် | စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန |
| ၃ | ဦးစောမြင့်ဦး | စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန |
| ၄ | ဦးစိုးလှိုင် | လျှပ်စစ်နှင့်စက်မှုဝန်ကြီးဌာန |
| ၅ | ဦးစောပြည်သာ | သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သစ်တော၊ သတ္တုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန |
| ၆ | ဒေါက်တာတင်ဝင်းကျော် | လူမှုရေးဝန်ကြီးဌာန |
| **မကွေးတိုင်းဒေသကြီး** | | |
| ၁ | ဗိုလ်မှူးကြီးနိုင်ဦး | လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန |
| ၂ | ဦးတင်နွယ်ဦး | ဆောက်လုပ်ရေး၊ ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာန |
| ၃ | ဦးစိုးမြင့် | စိုက်ပျိုးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန |
| ၄ | ဒေါက်တာခင်မောင်အေး | သယံဇာတ၊ သဘာဝပတ်ဝန်းကျင်၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန |
| ၅ | ဦးဇော်မင်း | စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန |
| ၆ | ဦးမြင့်ဇော် | အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန |

## ပြည်နယ်/တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးများ စာရင်းထွက်ပေါ် အမျိုးသမီးပါဝင်မှုနည်းပါး

သောကြာ၊ ၂၂ ဧပြီ ၂၀၁၆

ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးများစာရင်းကို မြန်မာနိုင်ငံပြန်တမ်းများအရ သိရှိခဲ့ရာ အမျိုးသမီးဝန်ကြီးများ ပါဝင်မှုနည်းပါးသည်ကို တွေ့ရသည်။ ဧရာဝတီတိုင်းဒေသကြီးတွင် လူမှုရေး ဝန်ကြီးဌာနအတွက် ဒေါက်တာလှမြတ်သွေးနှင့် ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာနအတွက် ဒေါ်နီလာကျော်တို့ကို ဝန်ကြီးအဖြစ်တွေ့ရသည်မှလွဲ၍ ကျန်ဝန်ကြီးနေရာအားလုံးမှာ အမျိုးသားများသာ ဖြစ်သည်။ ပြည်နယ်နှင့်တိုင်းဒေသကြီး ၁၄ ခုအတွက် ဝန်ကြီးဦးရေစုစုပေါင်း ၈၉ ဦး ရှိသည့်အနက် အမျိုးသမီး ဝန်ကြီးအရေအတွက်မှာ ၂ ဦးသာ ဖြစ်ရာ ရာခိုင်နှုန်းအရကြည့်လျှင် ၂ ရာခိုင်နှုန်းခန့်သာ ရှိကြောင်း တွေ့ရ သည်။

ဝန်ကြီးများခန့်အပ်ရာတွင် NLD ပါတီဝင်လွှတ်တော်ကိုယ်စားလှယ် မဟုတ်သော ပြင်ပပုဂ္ဂိုလ်အချို့လည်း ပါဝင်လာသည်ကို တွေ့ရသည်။ ချင်းပြည်နယ်အစိုးရအဖွဲ့မှ စည်ပင်သာယာရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးဌာန၏ ဝန်ကြီးအဖြစ် ခန့်အပ်ခံရသော ဆလိုင်းအိုက်ဇက်ခင်နှင့် ရန်ကုန်တိုင်းဒေသကြီးမှ ဒေါ်နီလာကျော်တို့မှာ NLD လွှတ်တော် ကိုယ်စားလှယ် မဟုတ်သော ပြင်ပပုဂ္ဂိုလ်များအဖြစ် ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့တွင် ပါဝင်လာခဲ့သည်။

(EMReF)

**ပြည်နယ်နှင့် တိုင်းဒေသကြီး လွှတ်တော်များဆိုင်ရာ သတင်းစာစဉ်**

စုစည်းတင်ပြသူ

ပညာ
အလင်းပွင့်
မြန်မာ
သုတေသန
ဖောင်ဒေးရှင်း

ဆက်သွယ်ရန်
၀၉ ၄၅၀ ၁၀၀ ၇၅၀
၀၉ ၇၃၁ ၆၀၀ ၇၄

### ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း (သို့မဟုတ်) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌများ

**ဦးကေဆိုင်း**
(နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ)

**ဦးခွန်စံလွင်**
(ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ)

**ဦးဝင်းကျော်(ခ)ဦးအိုက်မိန်း**
(ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ)

**ဦးကျောက်တယ်ချန်**
(ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ)

**ဦးခွန်ထွန်းလူ(ခ)ဒီကီ**
("ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း)

မန္တလေးတိုင်းဒေသကြီး

| | | |
|---|---|---|
| ၁ | ဗိုလ်မှူးကြီးမျိုးမင်းအောင် | လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန |
| ၂ | ဒေါက်တာစိုးသန်း(ခ) ဦးကျော်စိုးသန်း | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန |
| ၃ | ဦးဇာနည်အောင် | လျှပ်စစ်၊ စွမ်းအင်နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန |
| ၄ | ဦးမျိုးသစ်(ခ)ဦးပါလေး | သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန |
| ၅ | ဦးမြတ်သူ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန |
| ၆ | ဒေါက်တာရဲလွင် | စည်ပင်သာယာရေးဝန်ကြီးဌာန |

မွန်ပြည်နယ်

| | | |
|---|---|---|
| ၁ | ဗိုလ်မှူးကြီးဝင်းနိုင်ဦး | လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန |
| ၂ | ဝန်ကြီးချုပ်ဦးမင်းမင်းဦး | စည်ပင်သာယာရေးနှင့်ဆောက်လုပ်ရေးဝန်ကြီးဌာန |
| ၃ | ဦးမင်းထင်အောင်ဟန် | လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီးဌာန |
| ၄ | ဒေါက်တာထိန်လင်း | လူမှုရေးဝန်ကြီးဌာန |
| ၅ | ဦးထွန်းဌေး | စိုက်ပျိုးမွေးမြူရေးနှင့် ပို့ဆောင်ဆက်သွယ်ရေး ဝန်ကြီးဌာန |
| ၆ | ဒေါက်တာမင်းကြည်ဝင်း (ခ)နိုင်ကြည်ဝင်း | သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန |
| ၇ | ဦးဝဏ္ဏကျော် | စီမံကိန်း၊ ဘဏ္ဍာရေး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန |

ရခိုင်ပြည်နယ်

| | | |
|---|---|---|
| ၁ | ဗိုလ်မှူးကြီးထိန်လင်း | လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန |
| ၂ | ဦးကျော်အေးသိန်း | ဘဏ္ဍာရေး၊ အခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာန |
| ၃ | ဦးကျော်လွင် | စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် သတ္တုတွင်းဝန်ကြီးဌာန |
| ၄ | ဦးအောင်ကျော်ဇံ | လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန |
| ၅ | ဦးမင်းအောင် | စည်ပင်သာယာရေးဝန်ကြီးဌာန |
| ၆ | ဒေါက်တာချမ်းသာ | လူမှုရေးဝန်ကြီးဌာန |

စစ်ကိုင်းတိုင်းဒေသကြီး

| | | |
|---|---|---|
| ၁ | ဗိုလ်မှူးကြီးကျော်သန့်နိုင် | လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန |
| ၂ | ဦးစိုးဦး | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန |
| ၃ | ဦးကမ်ဇာမုံ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန |
| ၄ | ဦးသန်းညွှန့်ဝင်း | လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန |
| ၅ | ဦးမြင့်ကြည် | စည်ပင်သာယာရေးဝန်ကြီးဌာန |
| ၆ | ဒေါက်တာဇော်ဝင်း | လူမှုရေးဝန်ကြီးဌာန |

## ကရင်ပြည်နယ် လွှတ်တော်အဆောက်အအုံသစ် ဖွင့်


ဓာတ်ပုံ - ကရင်ပြည်နယ်လွှတ်တော် FB

ကရင်ပြည်နယ်လွှတ်တော် အဆောက်အအုံသစ်ဖွင့်ပွဲကို ၂၀၁၆ ခုနှစ် မတ်လ ၂၇ ရက်နေ့က ပြုလုပ်ခဲ့သည်ဟု သိရှိရသည်။

*(ကိုးကား - ကရင်ပြည်နယ် လွှတ်တော် FB)*

ရှမ်းပြည်နယ်

| | | |
|---|---|---|
| ၁ | ဗိုလ်မှူးကြီးစိုးမိုးအောင် | လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန |
| ၂ | ဦးစိုင်းလုံကျော် | စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန |
| ၃ | ဦးခွန်ရဲထွေး | လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန |
| ၄ | ဒေါက်တာညီညီအောင် | သယံဇာတနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန |
| ၅ | ဦးဆွေသိန်း | လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီးဌာန |
| ၆ | ဦးစိုးညွှန့်လွင် | စီမံကိန်းနှင့်စီးပွားရေးဝန်ကြီးဌာန |
| ၇ | ဒေါက်တာမျိုးထွန်း | လူမှုရေးဝန်ကြီးဌာန |
| ၈ | ဦးစိုင်းရွဲန်တစ်လုံ | ဘဏ္ဍာရေးဝန်ကြီးဌာန |
| ၉ | ဦးစိုင်းစွံဆိုင်း | စည်ပင်သာယာရေးဝန်ကြီးဌာန |

တနင်္သာရီတိုင်းဒေသကြီး

| | | |
|---|---|---|
| ၁ | ဗိုလ်မှူးကြီးဇော်လွင် | လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန |
| ၂ | ဦးဖြိုးဝင်းထွန်း | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန |
| ၃ | ဦးဟိုပင် | လူမှုရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန |
| ၄ | ဦးမြင့်မောင် | သယံဇာတနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန |
| ၅ | ဦးကြည်လှိုင် | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန |
| ၆ | ဦးမြင့်စန်း | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန |

ရန်ကုန်တိုင်းဒေသကြီး

| | | |
|---|---|---|
| ၁ | ဗိုလ်မှူးကြီးတင်အောင်ထွန်း | လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန |
| ၂ | ဦးမြင့်သောင်း | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန |
| ၃ | ဦးဟန်ထွန်း | စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့်စွမ်းအင်ဝန်ကြီးဌာန |
| ၄ | ဒေါ်နီလာကျော် | လျှပ်စစ်၊ စက်မှုလက်မှုနှင့်လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးဌာန |
| ၅ | ဦးမောင်မောင်စိုး | စည်ပင်သာယာရေးဝန်ကြီးဌာန |
| ၆ | ဦးနိုင်ငံလင်း | လူမှုရေးဝန်ကြီးဌာန |

## အကျင့်ပျက်ခြစားမှုအပေါ် ပြည်နယ်/တိုင်းဒေသကြီး ဝန်ကြီးချုပ်အချို့၏ ထင်မြင်ချက်များ

ပြည်နယ်/တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်များအနေဖြင့် တာဝန်ယူရသည့် သက်တမ်းတွင် အဓိကဖြေရှင်းရမည့် အကျင့်ပျက်ခြစားမှုနှင့် ပတ်သက်သည့် ထင်မြင်ယူဆချက်များကို အောက်ပါအတိုင်း တွေ့ရှိရပါသည်။

**ဒေါက်တာလဲ့လဲ့မော် (တနင်္သာရီတိုင်းဒေသကြီး)**

"ကျွန်မတို့နိုင်ငံ အနှစ် ၅၀ ကျော် ဆုတ်ယုတ်ပျက်စီးနေတာ၊ နွံထဲနစ်နေတာ လာဘ်ပေးလာဘ်ယူကိစ္စကြောင့်ပါ။ ငွေကြေး၊ အခွင့်အရေး စတဲ့ပုံစံတွေနဲ့ လုပ်လာတဲ့ လာဘ်ပေးလာဘ်ယူကိစ္စတွေကို ကျွန်မတို့ အစိုးရသစ်လက်ထက်မှာ တိတိကျကျကိုင်တွယ်မယ်လို့ ဆုံးဖြတ်ထားပါတယ်။ လာဘ်ပေးလာဘ်ယူရှိနေဦးမယ်ဆိုရင် ပြောင်းလဲချိန်တန်ပြီဆိုတဲ့ ကျွန်မတို့ရဲ့ Manifesto က အလကားဖြစ်သွားမှာပေ့ါ"

**ဦးအယ်လ်ဖောင်းရှို (ကယားပြည်နယ်)**

"ရှင်းရှင်းပြောရရင် အဂတိတရား ကင်းစင်ဖို့ ဆိုတာကတော့ မဖြစ်မနေ လုပ်ရမယ့်အရာပါ။ ဒီအဂတိတရား ကင်းစင်ဖို့ကို တတ်နိုင်သလောက် အစွမ်းကုန် အကောင်းဆုံး မဖော်ဆောင်နိုင်ဘူးဆိုရင်တော့ ဘယ်လိုမှ တိုးတက်မှုကို ဖော်ဆောင်နိုင်မှာ မဟုတ်ဘူး။ ဘယ်လိုမှ တိုးတက်မှု မရနိုင်ဘူး။ ဒါကြောင့်မို့လို့ အတတ်နိုင်ဆုံး သူ့လုပ်ထုံးလုပ်နည်းနဲ့အညီ ဖော်ဆောင်သွားဖို့ ရှိပါတယ်"

**ဦးဝင်းသိန်း (ပဲခူးတိုင်းဒေသကြီး)**

"လာဘ်ပေးလာဘ်ယူမှုက ကျွန်တော်တို့က စံပြလုပ်ရမယ်။ တစ်နိုင်ငံလုံးအကျင့်ပျက်ခြစားနေတာ နှစ်ပေါင်းများစွာလည်း ဖြစ်နေပြီ။ ယဉ်ကျေးမှုတစ်ခုလို ဖြစ်နေကြတာ။ အဲဒါက ကျွန်တော်တို့က တဖြည်းဖြည်းနဲ့ လူထုကို ပညာပေးရမယ်"

**ဦးမင်းမင်းဦး (မွန်ပြည်နယ်)**

"ကျွန်တော့်ရည်ရွယ်ချက်ကတော့ လာဘ်ယူမှုကိစ္စကို ကင်းရှင်းအောင် လုပ်မယ်။ လက်ရှိကတော့ လာဘ်ပေးလာဘ်ယူကို ဘယ်လိုတွေလုပ်နေလဲ၊ ဘယ်လိုအနေအထားတွေ ဖြစ်နေလဲဆိုတာကို ကျွန်တော် အရင် သုံးသပ်ရဦးမယ်။ အဲဒီဖြစ်နေတဲ့အပေါ် မူတည်ပြီးတော့ ကျွန်တော် အဖြေရှာပြီးတော့ အကောင်းဆုံး ဖြစ်အောင် လုပ်မယ်"

သတင်းရင်းမြစ်အားလုံးကို ကျေးဇူးတင်ရှိပါသည်။

EMReF
Enlightened Myanmar Research Foundation